# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၅၇ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

## မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

## Mrauk –U National Coordinating Committee – MRAUK– UCOM ဖွဲ့စည်းခြင်း

၁။ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နိုင်ရန်အတွက် "မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ( Mrauk–U National Coordinating Committee –MRAUK–UCOM )" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် –

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ မြောက်ဦးဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ( Mrauk-U National Coordinating Committee - MRAUK-UCOM)"၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ ဆုံးဖြတ်မှုတို့အား အမျိုးသားအဆင့်မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်၊

(ခ) မြောက်ဦးအမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုတွင် နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့် မူဘောင်တို့နှင့်လိုက်လျောညီထွေဖြစ်စေရေး ဦးဆောင် လမ်းညွှန်မှုပေးရန်၊

(ဂ) မြောက်ဦးယဉ်ကျေးမှုဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု မဖြစ်စေရန်၊ မပျောက်ပျက်အောင် ပူးပေါင်းထိန်းသိမ်းရန်၊ မှတ်တမ်းတင်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံကိန်းကြီးများ၊ စီမံချက်များကြောင့် မြောက်ဦးဒေသ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(င) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ပတ်သက်သည့် UNESCO နှင့် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များ၊ အကြံပြုချက်များအား ညှိနှိုင်းပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) UNESCO က လက်ခံကျင့်သုံးလျက်ရှိသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ" များ၊ လုပ်ငန်းစဉ်များ၊ စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများအား မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဌာနဆိုင်ရာများနှင့် ဒေသခံများပူးပေါင်းပါဝင်၍ လိုက်နာဆောင်ရွက်စေရေး ပညာပေး ကြိုးကြပ်ရန်၊

(ဆ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက် လည်းကောင်း၊ လူမှုစီးပွားအကျိုးအမြတ်များရရှိရေးအတွက်လည်းကောင်း သတင်း အချက်အလက်များဖလှယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်နေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာ ရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ သိရှိ လိုက်နာစေရန် ကြီးကြပ်မှုပေးခြင်း၊ အသိပညာပေးခြင်း၊ ဟောပြောပို့ချခြင်း၊ ပူးပေါင်း ပါဝင်အောင်လှုံ့ဆော်ခြင်း စသည်တို့ကို ဆောင်ရွက်ရန်၊

(ဈ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ် ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင် ဆောင်ရွက် လာနိုင်အောင် အခြေခံအဆင့်လုပ်ငန်းစဉ်များနှင့် စီမံချက်များရေးဆွဲ ဆောင်ရွက်ရန်၊

(ည) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့အတွက် ရန်ပုံငွေများ စီမံခန့်ခွဲရန်၊

(ဋ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ ဒေသတွင်း ဥပဒေစည်းမျဉ်း (Building by Law)၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များ (Development Guidelines)၊ ပြန်လည်အမှားပြင်ဆင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Ratification Guidelines) များကို ဥပဒေနှင့်အညီ ရေးဆွဲရန်။

၃။ ကော်မတီသည် လိုအပ်သော ဒေသအလိုက် စီမံခန့်ခွဲမှုကော်မတီများ၊ ပူးပေါင်းဆောင်ရွက်မှု ကော်မတီများ၊ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၁၇ - ၅ - ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှ**တ်** ၄၀ / ၂၀၁၈ နှင့် ၂၁ - ၁၀ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၀ / ၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး